
ရုပ်ပုံလွှာ
မောင်ထင်

# အမှာ စကား

## အမှာ စာ

မိုးဂျာနယ်မှာ ၁၉၉၁ ကနေ ၁၉၉၅ ခုနှစ် အထိ အဖေရေး ခဲ့တဲ့ ဆောင်းပါး ၂၉ ပုဒ်ကို တစ်ပေါင်းတည်းပြုကာ ပုံနှိပ်ထုတ်ဝေလိုက်ပါတယ်။ ဂျာနယ်မှာ ၂၆ ပုဒ်သာပုံနှိပ်ဖော်ပြနိုင်ခဲ့ပြီး ကျန် ၃ ပုဒ်က ပုံမနှိပ် ဖြစ်ခဲ့ပါဘူး။

ဒီဆောင်းပါးတွေ ကို အဖေကွယ်လွန်ပြီးမှ တစ်စုတစ်စည်းတည်း ထုတ်ဝေဖို့ စီစဥ် ဖြစ်ခဲ့ပါတယ်။

အဖေမကွယ်လွန်ခင်က စီစဥ်ခဲ့တဲ့ ဆောင်းပါးတွေ ကို ရှာဖွေ ရာမှာ အခက်အခဲတွေ ရှိတာကြောင့် ပုံနှိပ်ထုတ်ဝေဖို့ စီစဥ်တဲ့နေရာမှာ ကြန့်ကြာမှု တွေ ရှိခဲ့ပါတယ်။

များ သော အားဖြင့် ကျွန်တော် မမွေးခင်က အဖေရေး ခဲ့တဲ့ ဆောင်း ပါးမျိုး တွေ ကို ရှာဖွေရတာ ခက်ခဲကြန့်ကြာမှု တွေ ရှိခဲ့ပါတယ်။

အဖေ့ရဲ့ စာစုစာရင်းတွေ ကို ကျွန်တော့်ရဲ့ နောင်တော့် နောင်တော် ကြီးတွေ က ပြုစုထားခဲ့လို့ အဲဒီ စာစုစာရင်းတွေ အတိုင်း ခြေရာခံလိုက်ပြီး ရှာဖွေလို့ တွေ့တာရှိသလို၊ ပျောက်ဆုံးနေတာတွေ လည်း ရှိတာမို့ တစ်စု တစ်စည်းတည်း ဖြစ်အောင် မလုပ်နိုင်သေးပါဘူး။

၁၉၈၅ ခုနှစ် လောက်မှာ တော့ ကျွန်တော် ကိုယ်တိုင် စာစုစာရင်း ပြုစု ဖြစ်ခဲ့ပါတယ်။ ၁၉၈၀ ပြည့်နောက်ပိုင်းမှာ အဖေရေး ခဲ့တဲ့ ဝတ္ထု၊ ဆောင်းပါး စာရင်းတွေ ကို မဂ္ဂဇင်းအမည် အလိုက် ဇယားဆွဲပြီး ပြုစု ဖြစ်ခဲ့တာ ကြောင့် သိပ်ပြီး ခက်ခဲမှု မရှိပါဘူး။

အဖေဟာ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်ပြုစုဖို့ ကြိုး ပမ်း ခဲ့ဖူးပါတယ်။ ၁၉၈၄ ခုနှစ် ဝန်းကျင်လောက်က ဖြစ်ပါတယ်။ ကျွန်တော် ကိုယ်တိုင်

လယ်ဂျာစာအုပ် တစ်မျက်နှာကျော်ကျော်လောက်ပဲရေး ပြီး ဆက် မရေး ဖြစ်ခဲ့ပါ။

သခင်အောင်ဖေ အယ်ဒီတာချုပ်လုပ်ပြီးထုတ်ဝေတဲ့ မိုးဂျာနယ် ထွက်လာချိန်မှာတော့ မောင်ထင်၏ ရုပ်ပုံလွှာဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဆောင်းပါး၃၁ပုဒ်ကို ရေး ဖြစ်ခဲ့ပြီး ၂၈ ပုဒ်ကို ဂျာနယ်မှာ ဖော်ပြ ဖြစ်ခဲ့ပါတယ်။

စာရေး ဆရာဟာ တစ်ခါတစ်ရံမှာ စီစဉ်သူရဲ့ အလို၊ ထုတ်ဝေသူရဲ့ အလို၊ အယ်ဒီတာရဲ့ အလိုကို လိုက်လျောရတာ မျိုး ရှိတတ်ပါတယ်။ အခု ဆောင်းပါးတွေ ကို အဆုံးမသတ်နိုင်ခဲ့တာလည်း အယ်ဒီတာရဲ့ အလိုကို လိုက်လျောလိုက်ရလို့ပဲ ဖြစ်ပါတယ်။ အယ်ဒီတာစီစဉ်တဲ့ မောင်ထင်၏ ရုပ်ပုံလွှာ ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အဖေဟာ အဖေ့ရဲ့ ပတ်ဝန်းကျင် အကြောင်း တစေ့တစောင်းကို ရေး သားတင်ပြထားတာ ဖြစ်ပါတယ်။ ဒီ ဆောင်းပါးတွေ ဆက်ပြီးမရေး ဖြစ်တာလည်း အယ်ဒီတာရဲ့ သဘောဆန္ဒကို လိုက်လျောလိုက်ရလို့ပဲ ဖြစ်ပါတယ်။ အဲဒီ တော့ မောင်ထင်၏ ရုပ်ပုံလွှာဟာ မောင်ထင်၏ (တစ်ပိုင်းတစ်စ)ရုပ်ပုံလွှာ ဖြစ်သွားခဲ့ရပါတယ်။ တခြား မဂ္ဂဇင်း မှာ ဆက်ရေး ဖို့လည်း အစီအစဉ်မရှိခဲ့ဘဲ မောင်ထင်၏ ရုပ်ပုံလွှာ ရုပ်ဆိုင်းသွား ခဲ့တာ ကွယ်လွန်ချိန် အထိပါပဲ။

အဖေရေး ခဲ့တဲ့ဝတ္ထုတွေ ကို ပြန်ကြည့်ရင် တချို့ အကြောင်း အရာ တွေ ဟာ ကိုယ်တွေ့အ ဖြစ်အပျက်တွေ ကိုအခြေခံပြီး ရေး ထားခဲ့တာ တွေ ရှိပါ တယ်။ အဖေ့ဝတ္ထုတိုပေါင်းချုပ်ထဲက "ဝါသနာ"ဝတ္ထုဆိုရင် အဖေ့ရဲ့ ရုပ်ပုံလွှာ အကျဉ်းလို့ပြောလို့ရပါတယ်။ ငယ်စဉ်တောင်ကျေး ကလေးဘဝကနေ စာရေး ဆရာ ဖြစ်လာတဲ့အထိ "ကိုဒေါင်း"နဲ့ "ငဘ" ဝတ္ထုမြစ်ဖျားခံရာကိုပါ ဖွဲ့နွဲ့ရေး သားထားတာ တွေ့နိုင်ပါတယ်။

အခု မောင်ထင်၏ ရုပ်ပုံလွှာ ကတော့ ဝတ္ထုမဟုတ်တဲ့ အဖေ့ရဲ့ ဖြစ်ရပ်မှန်ဆောင်းပါးတွေ ဖြစ်ပါတယ်။ လပွတ္တာမြို့၏ ပညာရေး ဆိုတဲ့ ဆောင်း ပါးနဲ့ အစပျိုးထားပါတယ်။ ဆောင်းပါးအစမှာ အဖေ့ရဲ့ အမှာ စာ အတိုလေး ကို ဖတ်ရှုရမှာ ဖြစ်ပါတယ်။

အဖေ့ရဲ့ စာတွေ နဲ့ ရင်းနှီးပြီးသား စာဖတ်ပရိသတ်အနေနဲ့ အဖေ့ရဲ့ စာ၊ အဖေ့ရဲ့ စာအရေး အသားပရိယာယ်ကို သိရှိပြီးသား ဖြစ်ကြမှာ ပါ။ ကျွန်တော် ကိုယ်တိုင်

အဖေ့ရဲ့ စကားဝိုင်းမှာ ကြားဖူးသိဖူးတာတွေ ရှိသလို၊ ကျွန်တော် မသိသေးတဲ့ အကြောင်းအရာတော် တော် များများ ဟာ ယခု ဆောင်းပါးတွေ ထဲမှာ ပါရှိနေပါတယ်။ ဒါကြောင့် မို့ အဖေ့ရဲ့ စာအကြောင်း ကို အကျယ်မရေး လိုတော့ပါ။

အဖေကွယ်လွန်ပြီးချိန်မှာ တော့ မောင်ထင်၏ (တစ်ပိုင်းတစ်စ) ရုပ် ပုံလွှာကို စာအုပ်အ ဖြစ် ရုပ်လုံးဖော်ဖို့ စိတ်ကူးရလိုက်ပါတယ်။ မိုးဂျာနယ် စာမျက်နှာတွေ ကို မိတ္တူ ကူးဖို့ ကြံစည်မိပါတယ်။ ဒါပေမဲ့ လက်လျှော့လိုက်ရ ပါတယ်။ အဖေဟာ မိုးဂျာနယ်တွေ ကို နှစ် အုပ်တွဲ သုံးအုပ်တွဲ ဆိုသလိုတွဲပြီး ခန့်ချုပ်ချုပ်ထားခဲ့ပါတယ်။ ဒါတွေ ကို မိတ္တူ ကူးဖို့မလွယ်ပါဘူး။ ဒါကြောင့် အစ်မကြီး ဖြစ်သူကို အကူအညီတောင်း ပြီး လက်ရေး မိတ္တူ ပွားယူရပါတယ်။ ဆောင်းပါး ၂၈ ပုဒ်ကို လယ်ဂျာစာအုပ် ၄ အုပ်ခန့် ကူးယူလိုက်ရပါတယ်။ ကူးယူပြီးချိန်အထိ မည် သူမည် ဝါနဲ့ ထုတ်ဝေမယ်ဆိုတာ မဆုံးဖြတ်နိုင်သေး ပါဘူး။

၂၀၀၈ခု နှစ် ဆန်းပိုင်းမှာ တော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ ထုတ်ဝေ မယ့်သူပေါ်လာခဲ့ပါတယ်။ အဖေ့ရဲ့ "ကိုဒေါင်း"နဲ့ "ငဘ"ကို ထုတ်ဝေတဲ့ ပါရမီစာပေက ဆရာဦးကျော်ဦးပါပဲ။

ဆရာဦးကျော်ဦးနဲ့ စာအုပ်ထုတ်ဝေဖို့ပြောဆိုပြီး နောက်ထပ် တစ်ခါတွေ့ဆုံတဲ့ရက်ဟာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်အပြီး ၁၄ ရက်အကြာမှာ ဖြစ်ပါတယ်။ အဲဒီ ကျတော့ ဆရာကကျွန်တော့်ကို မောင်ထင် ၏ ရုပ်ပုံလွှာ စာအုပ်အတွက် အမှာ စာရေး ခိုင်းပါတယ်။

အိမ်ရောက်လို့ အမှာ စာရေး ဖို့ စားပွဲမှာ ထိုင်တော့ အဖေ့ရဲ့ "ဝါသနာ"ဝတ္တု ထဲကလိုပဲ ကျွန်တော့် ရင်ထဲမှာ ဘာလဲမသိ တလိမ့်လိမ့် တက်နေပါတယ်။

♥ ♥ ♥

အဖေ့ရဲ့ ဝါသနာဝတ္ထုတစ်နေရာမှာ -

ရင်တွင်း၌ ဘာလဲမသိ တလိမ့်လိမ့်တက်နေသည်။ ကျွန်ုပ်နေ အိမ်မှ မျှော်ကြည့်လိုက်သော် ရွှေးမြစ်ကြီးမှာ လှိုင်းတဖွေးဖွေးနှင့် အိ၍ နေသည်။ ကျွန်ုပ်၏ ရင်တွင်း၌ ထိုရွှေးမြစ်ကြီးသည် လှိုင်းရိုက်၍ နေချေပြီတကား။

အဖေ့ရဲ့ ရုပ်ပုံလွှာဆောင်းပါးတွေ ဟာ အဖေ့မွေးရာဇာတိ လပွတ္တာ မြို့ ကို အခြေခံပြီး ရေး ထားတဲ့ဆောင်းပါးတွေ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့က အဖြစ်အပျက်မှာ ရွှေးမြစ်ကြီးဟာ လှိုင်းတဖွေးဖွေးနဲ့ အိမနေခဲ့ပါဘူး။ ဒီရေလှိုင်းလုံးကြီးတွေ နဲ့ ကြောက်မက်ဖွယ်ရာ အ ဖြစ်တွေ ပါ။ လပွတ္တာ က အဖေ့ဆွေမျိုး တွေ ရဲ့ ပြောပြချက်အရ အဲဒီ ဒီရေလှိုင်းလုံးကြီးတွေ နဲ့ ပါသွားတဲ့သူတွေ အထဲမှာ အဖေ့တူဝမ်းကွဲ တစ်ယောက် ပါသွားတာ အစ အန ရှာမရတော့ဘူးလို့ သိရပါတယ်။ အရင်ကလူသိနည်းခဲ့တဲ့ လပွတ္တာမြို့ ။ ဆရာကြီးမောင်ထင်ရဲ့ မွေးရာဇာတိ လပွတ္တာမြို့ ။ အခု နာဂစ်ဆိုင်ကလုန်း မုန်တိုင်းဒဏ်ကို မရှုမလှခံခဲ့ရလို့ လူသိများ ခဲ့ပါပြီ။

အဖေသာရှိခဲ့ရင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းနဲ့ ပတ်သက်ပြီး တဖွဖွပြောဆိုသံကြားရဦးမှာ ပါ။

အခုတော့ မိုးဂျာနယ်အယ်ဒီတာချုပ် သခင်အောင်ဖေရယ်၊ ကျွန်တော့် အဖေ ဆရာမောင်ထင်ရယ်၊ ဆရာမောင်ထင်ရဲ့ စာစုစာရင်းတွေ ပြုစုခဲ့တဲ့အစ်ကိုကြီးရယ် သုံးဦးစလုံးကွယ်လွန်သွားခဲ့ကြပါပြီ။

ဒါကြောင့် သွားလေသူတို့ကို အမှတ်တရသတိရပြီး မောင်ထင် ၏ ရုပ်ပုံလွှာကို ထုတ်ဝေလိုက်ရပါတယ်။

(ညီကိုး)

၁၈၊ မေ၊ ၂၀၀၈

♥♥♥

# လပွတ္တာမြို့ ၏ ပညာရေး

၁၉၇၅ ခုနှစ် တွင် လပွတ္တာမြို့ အစိုးရအထက်တန်းကျောင်း တည်ထောင်ဖွင့်လှစ်သော အထိမ်းအမှတ်အ ဖြစ်ဖြင့် 'ငွေရတုမဂ္ဂဇင်း'ကို ကျောင်းအုပ်ဆရာကြီး(ဟောင်း)ဦးမြနှင့် ထိုစဉ်က လက်ရှိကျောင်းအုပ်ဆရာကြီး ဦးဟံရင်တို့က ဦးစီးဦးဆောင်ပြု၍ ထုတ်ဝေခဲ့ရာ ကျွန်တော် သည် 'လပွတ္တာ ပညာရေး ကြိုး ပမ်းမှု သမိုင်း'ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးရေး ၍ ကူညီခဲ့ ပါသည်။

မိုးဂျာနယ် အယ်ဒီတာချုပ် သခင်အောင်ဖေက ကျွန်တော့် အား ကျွန်တော် ငယ်စဉ်ကာလ ကျောင်းသားလူငယ်ဘဝအကြောင်းကို ရေး သား ပေးပါဟု တိုက်တွန်းသော အခါ အထက်ဖော်ပြပါ ငွေရတုဆောင်းပါးသည် ကျွန်တော့် အကြောင်း တစေ့တစောင်းပါဝင်သော ဆောင်းပါး ဖြစ်၍ ၊ ယင်း ဆောင်းပါးကိုပင် အတိုချုံး ၍ လည်းကောင်း၊ ဖြည့်စွက်၍ လည်းကောင်း၊ အသစ်ပြန်လည်မွမ်းမံ၍ ရေး သားလိုက်ပါသည်။

ကျွန်တော့် အကြောင်းဆိုသည်မှာ ကျွန်တော် ၏ သက္ကာယကို ပဓာနထားသော အကြောင်းမဟုတ်ပါ။

ကျွန်တော် ၏ ပတ်ဝန်းကျင်အကြောင်း ဖြစ်ပါသည်။

ကျွန်တော် သည် ပတ်ဝန်းကျင်ထဲ၌ ကံအားလျော်စွာ ရောက်ရှိနေ သော သူ တစ်ယောက် ဖြစ်သည်။

တစ်နည်းဆိုလျှင် သမိုင်းထဲတွင် မတော် တဆကျရောက်နေသော သက်ရှိတစ်ဦးမျှသာ ဖြစ်သည်။

သမိုင်းသည် အဓိက၊ လူသည် သာမညဟု ဆိုချင်လျှင်ဆိုနိုင်ပါ သည်။

♥ ♥ ♥

သမိုင်းအခြေခံ

ထို့ကြောင့် ကျွန်တော့်အကြောင်းကို ရေး ပြသော အခါ ကျွန်တော့် ပတ်ဝန်းကျင်သည်သာလျှင် ပဓာန ဖြစ်သော ကြောင့် 'သမိုင်း'၏ အခြေခံကို ရေး ပြပါသည်။

မိုးဂျာနယ်၏ အာသီသနှင့် ကိုက်ညီအောင် အဆာအမြိတ်တို့ကို လှီးဖြတ်ထုတ်ပယ်၍ အကျယ်သိသင့်သည်တို့ကို ဖြည့်စွက် လိုက်ပါသည်။

နောင်ရေး မည့် ဆောင်းပါးတို့၌ အဟောင်းကိုအသစ် ဖြစ်အောင် မွမ်းမံသော အခါ ကျွန်တော် ဤနည်းအတိုင်းရေး ပါမည် ။

ယခုဖော်ပြလိုသော ဆောင်းပါးမှာ အောက်ပါအတိုင်း ဖြစ်ပါ၏ ။

♥ ♥ ♥

လပွတ္တာမှာ ပထမ

ကျွန်တော် သည် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ၁၉၃၃-ခုနှစ် တွင် လပွတ္တာဇာတိသားထဲမှ ပထမဦးဆုံး ရရှိခဲ့ပါသည်။

ဤစကားဖြင့် နိဒါန်းချီခြင်းမှာ ကြွားဝါလိုသော ကြောင့် မဟုတ် ပါ။ ဝမ်းနည်းစရာကောင်းသည်ဟု ယူဆခြင်းကြောင့် ဖြစ်ပါသည်။

အဘယ်ကြောင့် ဆိုသော် ကိုလိုနီခေတ်၌ ကျွန်တော် ဘွဲ့ရသည် အထိ လပွတ္တာဆိုသော မြို့ တွင် ဗြိတိသျှအစိုးရတို့က ထူထောင်သော အင်္ဂလိပ်မြန်မာစာသင်ကျောင်းဆို၍ မူး၍ ပင်ရှူစရာ တစ်ကျောင်းမျှမရှိခြင်း

ကြောင့် ဖြစ်သည်။

စင်စစ်မှာ ဗြိတိသျှတို့ မြန်မာနိုင်ငံသို့ အလီလီအလာလာ သိမ်း ပိုက်ခဲ့သော

ခေတ်မှစ၍ ၁၉၄၂-၄၃အတွင်း အင်္ဂလိပ်တို့ မြန်မာ့ရေမြေပေါ်မှ ထွက်ပြေးသည့်အထိ ဗြိတိသျှအစိုးရတို့က တည်ထောင်ပေးသော စာသင် ကျောင်းဟူ၍ တစ်ကျောင်းမျှမရှိခဲ့ပါ။

အာပတ်လွတ်ရုံပြောရလျှင် ပထမကမ္ဘာစစ်အတွင်း ဆရာဦးခန္တီ၏ မြန်မာစာသင်ကျောင်းကို ဗြိတိသျှအစိုးရ ဒိစတြိတ်ကောင်စီ(ခရိုင်ကောင်စီ) အဖွဲ့က ငွေကြေးအထောက်အပံ့ ပေးခဲ့ဖူးသည်။

၁၉၂၀ ပြည့်နှစ် ခန့်သို့ရောက်သော အခါ ဦးခန္တီကျောင်း၌ ကျောင်းသားဦးရေ နည်းပါးသော ကြောင့် တစ်ခါတည်း ကျောင်းပိတ် လိုက်ရပါသည်။

အသည်းနာစရာ

စဉ်းစားကြည့်ကြပါ။

၁၈၅၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဗြိတိသျှတို့သည် ရှေးမြန်မာတို့ခေတ်က ပဲခူးဟုခေါ်သော နယ်မြေကြီးတစ်ခုလုံးကို သိမ်းပိုက် ၍ ဗြိတိသျှပိုင်ဟုကြေညာသည်။ ယင်းနယ်မြေထဲတွင် မြောင်းမြပါဝင် သည်။

ဗြိတိသျှတို့ သိမ်းပိုက်ပြီးစက မြောင်းမြသည် ပုသိမ်ခရိုင်လက် အောက်ရှိ မြို့ငယ်တစ်မြို့ မျှသာ ဖြစ်သည်။ လပွတ္တာမှာ ရွာငယ်တစ်ခုမျှသာ ဖြစ်သည်။

နောင်သော အခါ ပုသိမ်ခရိုင်ထဲမှ မြောင်းမြခရိုင်ကို ခွဲထုတ်၍ လပွတ္တာရွာကို မြောင်းမြမြို့နယ်လက်အောက်၌ ထားရှိသည်။

တစ်ဖန် မြောင်းမြမြို့နယ်အောက်မှ လပွတ္တာကိုခွဲထုတ်၍ ၁၉၁၈ ခုနှစ် တွင် လပွတ္တာရွာကို လပွတ္တာမြို့ ဟု ကြေညာသည်။

၁၉၄၃ ခုနှစ် ဇွန်လအတွင်း လပွတ္တာမြို့ ဗြိတိသျှအုပ်ချုပ်ရေး သည် အကြွင်းမဲ့ ကုန်ဆုံးသည်။

အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းပိုက်သော ၁၈၅၂ ခုနှစ် မှ သည် ဗြိတိသျှတို့ ဆုတ်ခွာသော ၁၉၄၃ ခုနှစ် အထိ နှစ် ပေါင်း ၉၁ နှစ် အတွင်း ဗြိတိသျှအစိုးရသည်

လပွတ္တာနယ်မြေမှ မြေခွန်၊ သစ်တောခွန်၊ ဆားခွန်၊ ပိုက်ခွန်၊ ယစ်မျိုး ခွန် စသော အခွန်တော် ငွေအမျိုး မျိုး ကို ကောက်ခံ ရယူပြီး ဖြစ်ပါလျက်နှင့် ကျောင်းတစ်ဆောင်မျှ ဆောက်မပေးခဲ့သည်မှာ မည် မျှလောက် အသည်းနာစရာကောင်းပါသနည်း။ ယခုခေတ်လူငယ်များ နားလည်သင့်သည်။

♥♥♥

နှစ် ၇၀ ကြာမှ

လပွတ္တာလို မြို့ သိမ်မြို့ ငယ်ကို ဖယ်ထားပါ။ ခရိုင်မြို့ တော် ကြီး ဖြစ်လာသော မြောင်းမြမြို့ ၌ ပင်လျှင် ပထမကမ္ဘာစစ်ကြီး ဖြစ်သော ခေတ် ကာလရောက်သည်အထိ မြူ နီစီပယ်ရန်ပုံငွေဖြင့် တည်ထောင်သော အင်္ဂလိပ် မြန်မာ အလယ်တန်းကျောင်းသာရှိသည်။

ထို့နောက်မှ အင်္ဂလိပ်မြန်မာ နှစ် ဘာသာ အလယ်တန်းကျောင်း ဟူ၍ ယခုလက်ရှိမြောင်းမြမြို့ အထက(၁)တည်ရှိရာနေရာတွင် ဆောက်လုပ် တည်ထောင်သည်။

၁၉၂၀ ပြည့်နှစ် အမျိုး သားရေး လှုပ်ရှားမှု ပေါ်ပေါက်၍ မြောင်းမြ မြို့ တိုင်းရင်းသားအထက်တန်းကျောင်းကို ဖွင့်လှစ်တည်ထောင်ပြီး တစ်နှစ် နှစ် နှစ် ကြာမှ ၁၉၂၂-၂၃ ခန့်တွင် မြောင်းမြမြို့ အစိုးရအင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းကို ဖွင့်လှစ်သည်။

ဗြိတိသျှတို့ မြောင်းမြနယ်မြေကို သိမ်းပိုက်ပြီး နှစ် ပေါင်း ၇၀ ကြာမှ အထက်တန်းကျောင်းတစ်ကျောင်းကို တည်ထောင်ပေးခဲ့သည်။

ထိုကဲ့သို့သော ပတ်ဝန်းကျင်၌ ကျွန်တော် တို့၏ မိဘဘိုးဘွားများ လူ ဖြစ်ခဲ့ကြသည်။ ထိုပတ်ဝန်းကျင်သဘာဝ ကြောင့် ရေးအခါက လပွတ္တာမြို့ သို့ လာရောက်စတည်းချကြသော တစ်ရပ်သားပဝတ္တိတို့က လပွတ္တာသား များ ၏ ပညာချို့ တဲ့ပုံကို ကဲ့ရဲ့ ကြ၏ ။

သူတို့ပြောသော ပညာမှာ အင်္ဂလိပ်စာ ဖြစ်သည်။

သို့သော် ထိုသူတို့သည် မိမိတို့၏ ဇာတိချက်ကြွေသမိုင်းကို လည်း နားလည်ကြဟန်မတူချေ။

၁၈၂၆ ခုနှစ် မှစ၍ ဗြိတိသျှတို့ စိုးမိုးအုပ်ချုပ်လာခဲ့ကြရာ၊ အင်္ဂလိပ် တို့ မြန်မာနိုင်ငံမှ ဆုတ်ခွာထွက်ပြေးသော ၁၉၄၃ ခုနှစ် အထိ နှစ် ပေါင်း ၁၁၇ နှစ် တိုင်အောင် မြို့နယ်များ စွာ တို့တွင် အင်္ဂလိပ်မြန်မာ စာသင်ကျောင်း ဟူ၍ ပြည့်ပြည့်ဝဝမရှိခဲ့ချေ။

ထို့ကြောင့် ကျွန်တော် တို့၏ မိဘဘိုးဘွားအဆက်ဆက်တို့သည် ပညာကို ခက်ခက်ခဲခဲနှင့် ရှာခဲ့ကြရ၏ ။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အရ ဘုန်းကြီး ကျောင်းပညာရေး အဆင့်အတန်းကောင်းသော ခေတ်ကို မီလိုက်သူများ သည် အင်္ဂလိပ်စာ ဗ ကိုရေး ပြလျှင် လှည်းထောက်မှန်းပင် မသိစေကာမူ သင်္ချိုဟ်ကိုးပိုင်းကျိုး ခဲ့သူချည်း ဖြစ်သော ကြောင့် မြန်မာ့လူမှု ဆက်ဆံရေး ထဲ တွင် လူရာဝင်ခဲ့သူချည်း ဖြစ်၏ ။

♥ ♥ ♥

၃၁ ဘုံအမည်

လပွတ္တာဇာတိ ဆရာဦးဘိုးသော င်သည် အင်္ဂလိပ်စာတစ်လုံးမျှမတတ်။ သို့သော် မြန်မာစာပေကျမ်းဂန်တို့၌ တတ်ကျွမ်းသည်။ ရပ်ရွာကိစ္စ ကိုလည်း ကျွမ်းကျင်သည်။ ထိုခေတ်က ရပ်ရေး ရွာရေး ၌ ဗြိတိသျှအစိုးရ မှ ထမ်းရာထမ်းများ နှင့် ပြောရေး ဆိုစရာရှိလျှင် ဆရာဦးဘိုးသော င်ကပင် မြို့ သူ မြို့ သားတို့၏ ကိုယ်စား ဦးဆောင်ပြောဆိုရသည်။

လပွတ္တာကို မြို့ ဟုသမုတ်၍ မြေကွက်ရိုက်သော် ရပ်ကွက်အမည် လမ်းအမည် တို့ကို မှည့်ခေါ်လို၍ အရေး ပိုင်နှင့် လယ်ဝန်တို့က ဦးဘိုးသော င် ထံ အကြံဉာဏ်တောင်းသည်။ ဦးဘိုးသော င်က သင်္ချိုလ်ဆရာ ဖြစ်သော ကြောင့် ဘုံ ၃၁ အမည် များ ကို ရပ်ကွက်အမည် အ ဖြစ်ဖြင့် အကြံပေးသည်။ သူပေးသော အမည် များ ကို

ဆိုင်ရာတို့က လက်ခံသည်။ အင်္ဂလိပ်စာမတတ် သော်လည်း မြန်မာ့ရိုးရာ ဘုန်းကြီးကျောင်းတက္ကသိုလ်ပညာရေး ၌ ရှေးလူကြီး တို့ အခြေခံခိုင်မာပုံကို နားလည်နိုင်ကြပါလိမ့်မည် ။

သို့သော် ဗြိတိသျှအုပ်ချုပ်ရေး စနစ် လွှမ်းမိုးလာသော အခါ ရှေးလပွတ္တာရွာ၏ ပညာသင်ဌာနများ ဖြစ်သော ဗောဓိကျောင်း၊ ဝါးကျောင်း၊ လေးထပ်ကျောင်းတည်းဟူသော မြန်မာ့ရိုးရာပညာသင်ဌာနများ တိမ်ကော သွားလေသည်။ သို့သော် လပွတ္တာဇာတိ ကျောင်းသားလူငယ်တို့သည် ခေတ်ပညာဟုခေါ်ကြသော အင်္ဂလိပ်စာကိုလည်း သင်ကြားခဲ့ကြရသည် မဟုတ်ချေ။ ထိုခေတ် လူငယ်လူရွယ်တို့၏ ပညာရေး သည် ဆိတ်သုဉ်းသွား ရလေသည်။

♥♥♥

အင်္ဂလိပ်စာအစ

ထိုအခါ ဆရာဦးဘိုးထွန်းသည် ကျေးရွာစာတိုက်မှူး အ ဖြစ်မှ နုတ် ထွက်၍ မြန်မာစာသင်ကျောင်းကို တည်ထောင်သည်။ ဆရာသည် အင်္ဂလိပ် စာကိုလည်း အသင့်အတင့်တတ်ကျွမ်းသဖြင့် တပည့်တို့ကို အင်္ဂလိပ်စာ လည်း သင်ပေးသည်။ သူ၏ ကျေးဇူးကြောင့် အဘဆရာခင်နှင့် ကျွန်တော် ၏ ဖခင်စသော လူငယ်တစ်သိုက်သည် ထိုခေတ်ကုန်သည်တို့ တတ်အပ် သော မန်နီအော်ဒါ (ငွေလွှဲစာ)ရေး နည်း၊ ကုန်မှာ နည်း၊ သံကြိုး စာရေး နည်း စသည်တို့ကို တတ်ကျွမ်းသည်။

နောင်သော အခါ အဘဆရာခင်သည် သန်လျင်မြို့ ဘီအိုစီ ဓာတ် ခွဲခန်းတွင် လက်ထောက်အ ဖြစ်ဖြင့် အလုပ်လုပ်ခဲ့ရာ၊ ဓာတုဗေဒပညာအခြေခံ

ို့ကို တတ်မြောက်လာသည်။ သန်လျင်မြို့ မှ လပွတ္တာမြို့ သို့ ပြန်ရောက်လာ သော အခါ မိမိတတ်ကျွမ်းခဲ့သော ဆေးစပ်နည်းပညာကို မူတည်၍ အင်္ဂလိပ် နည်းအရ

ဆေးကုသသည်။

အင်္ဂလိပ်ပရဆေးနှင့် မြန်မာပရဆေးကို ပေါင်းစပ်၍ ဆာဆာပရီ လာခေါ် သွေးဆေးကိုဖော်သည်။ ယင်းမှာ မြန်မာဆေးခါးနှင့် ပိုတက်ဆီယံ အိုင်အိုဒိုက်(ဏသအရှေကာ့ သိငိန)တို့ကို အင်ဖျူး ရှင်း(ည်ကျငသည)ခေါ် ဖျော်ရည်ပြုလုပ်၍ ဖော်စပ်သော ဆေး ဖြစ်သည်။

♥♥♥

မူလတန်းပညာ

ကျွန်တော် ကျောင်းနေရန်အရွယ်သို့ ရောက်သော အခါ ဆရာ ဦးဘိုးထွန်းသည် အရောင် းအဝယ်လုပ်ငန်းကို ပြောင်းရွှေ့လုပ်ကိုင်သည်။

ထိုအခါ ဦးပဥ္စင်းဦးခန္တီက လူထွက်၍ အစိုးရအထောက်အပံ့ခံ မြန်မာစာသင်ကျောင်းကို ထောင်သည်။ ဆရာဦးခန္တီ၏ ကျောင်းကို ပိတ် လိုက်သော အခါ ဆရာဦးဘိုးထွန်းက အစိုးရအထောက်အပံ့ကိုမရဘဲ သူ့စွမ်း အားနှင့် သူ ပြန်၍ ကျောင်းထောင်သည်။ ကျွန်တော် သည် ဦးခန္တီကျောင်းနှင့် ဆရာဦးဘိုးထွန်း၏ ကျောင်းတို့တွင် မူလတန်းပညာကို သင်ယူခဲ့သည်။ မူလတန်းပညာကို တန်းကုန်အောင်သင်ပြီးနောက် မြောင်းမြမြို့ အစိုးရ အလယ်တန်းကျောင်းတွင် ဆက်လက်ပညာသင်သည်။

ကျွန်တော် သည် တစ်ယောက် ထီးတည်း အဖော်မရှိ ဖြစ်နေ၍ အဘိုးလေးဦးတာတီးကို အကျိုး အကြောင်းပြောပြီးလျှင် သူ၏ သား ချစ်ဖေကို ပါ မြောင်းမြသို့ အပါခေါ်ယူခဲ့၏ ။ သို့ရာတွင် ပညာလိုချင်သူတို့၏ အင်အား အလွန်နည်းပါးသေးသဖြင့် ညီအစ်ကိုတော် ဘုန်းမောင်၊ အုန်းငွေ၊ ဘသိန်း တို့ကိုပါ ထပ်မံစည်းရုံးရာ လပွတ္တာမြို့မှ ကျောင်းသားငါးယောက် မြောင်းမြ မြို့ တွင်

စာသင်ကြလေသည်။

♥ ♥ ♥

ရန်ကုန်သို့

မြောင်းမြမြို့ တိုင်းရင်းသားအထက်တန်းကျောင်းမှ (၆)ဆင့်စာမေးပွဲအောင်သော အခါ ကျွန်တော် သည် ရန်ကုန် မြို့ မတိုင်းရင်းသား အထက် တန်းကျောင်းသို့ ရွှေ့ပြောင်း၍ ပညာသင်ပါသည်။

ထိုအခါ လပွတ္တာကျောင်းသားဦးရေ တိုးပွားအောင် ဆောင်ရွက် ရန်မှာ လပွတ္တာမြို့ ၌ ကျောင်းရှိမှ ဖြစ်မည် ဟု ကျွန်တော် သဘောပေါက်လာ သည်။ ဤအတွင်း လပွတ္တာမြို့ ၌ ပုဂ္ဂလိကပိုင်ကျောင်းထောင်ရန် ကြိုး ပမ်း ကြသော လူငယ်တစ်စုနှင့် တွေ့၏ ။ လူငယ်ဆိုသော်လည်း အသက် နှစ် ဆယ်အစိတ်အရွယ် ကျွန်တော့်ထက် အသက်ကြီးသော ပုဂ္ဂိုလ်များ ဖြစ်ကြ ပါ၏ ။ ယင်းတို့အားလုံး၏ အမည် ကို မမှတ်မိပါ။ သို့ရာတွင် ထိုခေတ်ကစ၍ ကျွန်တော် နှင့် လက်ပွန်းတတီး တိုင်ပင်ဆောင်ရွက်ခဲ့သော ဆရာကိုညို မောင် ကိုကား မှတ်မိပါသည်။

ကျွန်တော် မြောင်းမြမြို့ တိုင်းရင်းသား အထက်တန်းကျောင်းတွင် ခေတ္တ ဆရာဝင်လုပ်သော အခါ ဆရာကိုညိုမောင်က မြန်မာစာသင်ကြားသူ ဖြစ်သည်။ သူနှင့် တကွ သူ၏ မိတ်ဆွေများ ၏ လုံ့လဝီရိယကြောင့် လပွတ္တာ မြို့ ဗိုလ်တဲလမ်း၌ အလွတ်ပညာသင် ကျောင်းတစ်ကျောင်းသည် ၁၉၂၄-၂၅ လောက်တွင် စတင်ပေါ်ပေါက်ပါသည်။

♥ ♥ ♥

အမြင်ရှင်သန်မှု

သို့သော် ကျောင်းထောင်သည်ဆိုသည်မှာ မြို့ခံရှာခံတို့၏ ပညာ ရေး အမြင်ရှင်သန်မှု အပေါ်တွင် တည်ပါသည်။ ဇာတိသားအများ တို့က 'ပညာတတ်လို့ ဘာလုပ်ရမှာလဲ၊ အရေး ကြီးတာက ငါးပိကိုမြင်လျှင် ထိုးမှျင် လား ထောင်မှျင်လား သိဖို့အရေး ကြီးတယ်၊ စပါးကိုမြင်လျှင် ငကြွဲလား ကောက်ကြီးလား သိဖို့အရေး ကြီးတယ်'ဟူ၍ သာ ပြောတတ်ကြသည်။

ထိုးမှျင် ထောင်မှျင်နှင့် ငကြွဲ ကောက်ကြီးတို့ကို ပညာအသိနှင့်

,၌၍ သုံးသပ်လျှင် တိုင်းပြည်အတွက် အကျိုး ရှိလိမ့်မည် ကို စခန်းကုန် အောင် စဉ်းစားတတ်ဖို့လိုသည်။ သို့သော် အများ စု၏ အမြင်ကို တော် လှန် နိုင်လောက်သော အင်အားမရှိသေးသည့်ခေတ်တွင် ဆရာကိုညိုမောင်ကား ရေကြည်ရာမြက်နုရာ မြောင်းမြသို့ပြောင်းရွှေ့၍ တိုင်းရင်းသားကျောင်း၌ မြန်မာစာပြဆရာအ ဖြစ် ဆောင်ရွက်ခဲ့ရ၏ ။

♥♥♥

အသိချင်းမတူပြီ

ကျွန်တော် တို့ တက္ကသိုလ်ရောက်သော အခါ ကျွန်တော့်မြို့မှာ ခေတ်ပညာသင်ကျောင်း မရှိသေးသော ကြောင့် အလွန်စိတ်အားငယ်မိပါ သည်။ ကျွန်တော် ကျောင်းမှအိမ်သို့ပြန်လာလျှင် ကျွန်တော့်ညီအစ်ကို မိတ်ဆွေသူငယ်ချင်းတို့သည် ကျွန်တော် ထံလာရောက်၍ ငှက်ပစ်သည့် အကြောင်း၊ အမဲလိုက်သည့်အကြောင်း၊ ကဏန်းထောင်သည့်အကြောင်း ဆွေးနွေးကြသည်။

ကျွန်တော် သည် သူတို့လို ကျေးတောသား တစ်ယောက် ပင် ဖြစ်၍ သူတို့ဆွေးနွေးသမျှကို နားလည်ပါသည်။ သူတို့ဝမ်းသာလျှင် သာခြင်း၊ ဝမ်းနည်းလျှင် နည်းခြင်း၊ စိတ်ဝေဒနာခံစားမှု ချင်း အတူတူပင် ဖြစ်ပါ၏ ။ သို့ရာတွင် ကျွန်တော် က

ဆားကျင်းမှာ ချက်သော ဆားထဲတွင် ဆိုဒီယမ်နှင့် ဖလော်ရင့်ဓာတ်များ ပါဝင်ကြောင်း ပြောပြသော အခါ သူတို့သည် ကျွန်တော် စိတ်ထက်သန်သလောက် စိတ်ထက်သန်ခြင်းမရှိကြပါ။ သူတို့နှင့် ကျွန်တော် ဆက်သွယ်ရာ၌ ဆက်သွယ်ရေး ပစ္စည်းအခြေခံသည် အတူတူ မဟုတ်တော့ပါ။ ဤအချက်ကိုသိရလေ ပို၍ ပို၍ ဝမ်းနည်းပမ်းနည်း ဖြစ်ရ သည်။

♥♥♥

ချောက်တီးချောက်ချက်

ဤအချိန်တွင် ဆရာဦးဘိုးထွန်း၏ ကျောင်းအမွေကို ဆက်ခံခဲ့သူ ဆရာဦးပုက သူ၏ မူလတန်း မြန်မာစာသင်ကျောင်းကိုပင် အားခဲ၍ ပြုစုနေ သည်။ ထိုအတွင်း ႏ လပွတ္တာမြို့၌ မြို့နယ်ရုံးကိုအမှီပြု၍ အင်္ဂလိပ်စာ ချောက် တီးချောက်ချက်နှင့် ဝမ်းရေး ဖူလုံနိုင်ကြသော စာရေး စာချီ သမ္မာန်ပျာတာ စသည်တို့ ပေါ်ပေါက်လာလေပြီ။

စပါးဈေး ဆန်ဈေးကလည်း မကောင်း၊ ငါးပိဈေးကလည်းကျ၊ အလုပ်အကိုင်မဖြောင့်သော အခါ ဇာတိသားတို့က ရုံးပြင်ကနားမှာ အလုပ် ကလေးများ ရမလားလို့ ချဉ်းကပ်ကြသည်။ သို့သော် မြောင်းမြ၊ ဝါးခယ်မ၊ ကျုံမငေး၊ သရက်တော အစရှိသော အရပ်မှ ဒွတ်ဒက်ရွတ်ရက်ကို တတ် သော သူတို့သာလျှင် ဦးစီးနေကြသည်။ ဂန့်အိပ်ဆိုသော စကားကိုမျှပင် အင်္ဂလိပ်လို မရေး တတ်တော့ ဘယ်အလုပ်ရမှာ လဲ။ ဤသို့ ချုသံပါအောင် ညည်းကြ၏ ။

ဆရာကြီးဦးဘိုးသစ်သည် လပွတ္တာ၌ အင်္ဂလိပ်မြန်မာ စာသင် ကျောင်းကိုထောင်သည်။ ထိုမှတစ်ဆင့်တက်လာသော အခါ ဦးဘိုးသစ်၏ ကျောင်းသည် လပွတ္တာမြို့ တိုင်းရင်းသားအင်္ဂလိပ်မြန်မာ အလယ်တန်း ကျောင်း ဖြစ်လာသည်။ ထိုကျောင်းတွင် ထင်ရှားခဲ့သူတို့မှာ အလေးမ အားကစားသမား ဆရာကိုဘလု ဖြစ်သည်။

လူငယ်ခေါင်းဆောင် တစ်ဦးပင် တည်း။ အခြားသူမှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဗလ(ယခု ဗိုလ်မှူး ဗလ) ဖြစ် သည်။

♥ ♥ ♥

လွတ်လပ်ရေး ကြိုး ပမ်းမှု

ဦးဘိုးသစ်၏ ကျောင်းသည် အင်္ဂလိပ်စာကိုသာ သင်ကြားပေးနေ သည်မဟုတ်။ လာလတ္တံ့သော လွတ်လပ်ရေး ကြိုး ပမ်းမှု နှင့် တော် လှန်ရေး လှုပ်ရှားမှု တို့အတွက် အစပျိုးနေသော နေရာဌာန ဖြစ်သည်။ နောင်သော အခါ ထိုကျောင်းမှ ဆရာနှင့် တပည့်များ သည် တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ သခင်ကျော်၊ အာရှလူငယ်ဥက္ကဋ္ဌ သခင်ထင်းဝိန်၊ သခင်စိမ်း၊ သခင်ဖိုးယန်

စသော သူတို့၏ ဗမာ့လွတ်လပ်ရေး တပ်မတော် လှုပ်ရှားမှု လုပ်ငန်းများ တွင် ပါဝင်ပတ်သက်လာကြသည်။

ထိုပုဂ္ဂိုလ်တို့သည် ဂျပန်ခေတ်၌ ပင်လျှင် လပွတ္တာမြို့၌ အရှည် သဖြင့် တည်တံ့မည့် ကျောင်းကိုထူထောင်ရန် ကြိုး ပမ်းခဲ့ကြပေသည်။ သို့ သော် ဂျပန်ခေတ်မှာ အများ သိကြသည့်အတိုင်း ယာယီခေတ်မျှသာ ဖြစ်လေ ရာ ကြံစည်ခဲ့ကြသမျှသည် အဟောသိကံ ဖြစ်ခဲ့ရုံသာမက အထက်၌ ညွှန်း ဆိုခဲ့သော လူကြီး လူငယ် လူရွယ် လူလတ်ပေါင်းများ စွာ တို့သည် လွတ် လပ်ရေး ကြိုး ပမ်းမှု ယဇ်ပလ္လင်၌ မိမိတို့၏ အသက်သွေးကို ပူဇော်ခဲ့ကြရလေ သည်။

ထို့နောက် လွတ်လပ်ရေး ခေတ်သို့ ရောက်လာသော အခါ လပွတ္တာမြို့ မှာ သည်တစ်ခါ ကျောင်းဆောက်၍ ရနိုင်ပြီဟု တွက်ကိန်းချမိပါ သည်။ နောက်ဆုံး၌ ၁၉၅၀ ပြည့်နှစ် တွင် ကျောင်းနေရာနှင့် တကွ ကျောင်း တစ်ဆောင်ဆောက်လို့ရပါပြီဟု ဆိုသော အခါကျမှပင်လျှင် ပညာရေး အမြစ် တွယ်ခဲ့ပြီဟု စိတ်နှလုံးတုံးတုံးချရလေသည်။

၁၉၂၀ ပြည့်နှစ် လောက်ကစ၍ လပွတ္တာမှာ ကျောင်းဖွင့်နိုင်ပါစေ ဟု ဆုတောင်းခဲ့ရာ ၁၉၅၀ ပြည့်နှစ် ကျမှပင် ဆုတောင်းပြည့်ပေတော့သည်။ ဤကြိုး ပမ်းမှု ကြီး အထမြောက်သည့်မှာ လည်း လွတ်လပ်ရေး ၏ ကျေးဇူးပင် ဖြစ်သည်။

♥ ♥ ♥

လူနှင့် ပတ်ဝန်းကျင်

ကျွန်တော် သည် အထက်၌ ပြဆိုခဲ့သော ပတ်ဝန်းကျင်တွင် ပညာ သင်ယူခဲ့ပါသည်။ ထုံးစံအားဖြင့် ပတ်ဝန်းကျင်က လူကို လွှမ်းမိုးစမြဲ ဖြစ် သည်။ သို့သော် မနသ လူသားသည် ပတ်ဝန်းကျင်၏ ဩဇာကိုချည်း ခံနေ ရသည်မဟုတ်ပါ။ လူကလည်း ပတ်ဝန်းကျင်ကို ပြုပြင်လေ့ရှိပါသည်။ လူနှင့် ပတ်ဝန်းကျင်တို့ သဟဇာတ ဖြစ်အောင် ဖန်တီးရင်းနှင့် တိုးတက်သော အခြေသို့ရောက်အောင် ဆောင်ကြဉ်းသော သဘာဝ ကြောင့် ကမ္ဘာဦးကလူ သည် ခေတ်အလျောက် ဖွံ့ဖြိုး လာရပေသည်။

ဤသဘာဝ ကြောင့် ယခုခေတ် လပွတ္တာဇာတိသားထဲတွင် တက္ကသိုလ်ပညာရင်နို့ကို သောက်စို့၍ ကြီးပွားလာသော လူငယ်အများ ကို ကျွန်တော် မြင်တွေ့နေရသော အခါ ငယ်စဉ်က တစ်ယောက် တည်းမို့ အား ငယ်ဝမ်းနည်းခဲ့ရသော အ ဖြစ်မှ ယခုပညာတတ်လူငယ်များ ဦးရေပေါ်များ လာသော ကြောင့် ဝမ်းပန်းတသာ အားတက်စရာအခြေသို့ ဆိုက်ရောက်လာ ရသဖြင့် များ စွာ ကျေနပ်နှစ် သိမ့်မိပါသည်။

အရေအတွက်များ သော အခြေမှ အစပြု၍ အရည်အချင်းတိုးတက် လာမည် ကို ကျွန်တော် မျှော်မှန်းမိပါသည်။ ထိုမျှော်မှန်းချက်ဖြင့် ဆန်စပါး လုပ်ငန်း၊ ငါးပိငါးခြောက်လုပ်ငန်း၊ ငံပြာရည်လုပ်ငန်း စသည်တို့ကို ခေတ် ပညာတတ်လူငယ်တို့က ဆက်လက်ဖွံ့ဖြိုး တိုးတက်အောင် ကြိုး စား၍ လုပ်ကိုင်ဆောင်ရွက်ကြရန် ရှေးက ကျွန်တော် တိုက်တွန်းခဲ့သည့်အတိုင်း ယခုလည်း ဆက်လက်တိုက်တွန်းလိုပါသည်။

မိုးကျာနယ်

အတွဲ-၁၊ အမှတ်-၈၊ စက်တင်ဘာ ၉၁)

♥ ♥ ♥

## မြောင်းမြမြို့ အင်္ဂလိပ်၊ မြန်မာ အလယ်တန်းကျောင်း

မြောင်းမြမြို့ ၌ ဗြိတိသျှအစိုးရတို့က အုတ်မြစ်ချပေးခဲ့သော ပညာ ရေး အကြောင်း တစေ့တစောင်း ရေး သားတင်ပြပါမည် ။ ယခင်က မြောင်းမြ မြို့ တွင် မြူနီစီပယ်အလယ်တန်းကျောင်း တည်ထောင်ခဲ့ကြောင်း ဖော်ပြခဲ့ပါ သည်။ ထိုကျောင်းကို ယနေ့ ကျွန်ုပ်တို့ တွေ့မြင်နေကြသော မြောင်းမြမြို့ ပြည်သူ့ဆေးရုံကြီးတည်နေရာတွင် ဆောက်လုပ်တည်ထောင်သည်ဟု မှတ် သားမိဖူးပါသည်။

ကျွန်တော့် ဦးလေး ဖြစ်သူ ဦးဘစိန်နှင့် ဦးဘရှိန် ညီအစ်ကို နှစ် ယောက် သည် လပွတ္တာရွာမှလာရောက်၍ ထိုမြူနီစီပယ်ကျောင်းတွင် ပညာသင်ယူကြသည်။ ထို့နောက်မှ ရန်ကုန်မြို့ ရှိ အစိုးရဟိုက်စကူးကျောင်း တွင် ဆက်လက်ပညာသင်ယူကြသည်။ (ရှေးခေတ်က အထက်တန်း ကျောင်းကို ဟိုက်စကူးကျောင်းဟုခေါ်ပါသည်)။ မြူနီစီပယ်ကျောင်းနှင့် အပြိုင် အေဘီအမ်ကျောင်းလည်းရှိပါသည်။ ထိုကျောင်းမှာ အမေရိကန် ဘက်ပတစ် သာသနာပြုကျောင်း ဖြစ်သည်။

♥ ♥ ♥

ဒီးဒုတ်ဦးဘချို

မြူနီစီပယ်ကျောင်းကို မည် သည့်ခုနှစ် ၌ တည်ထောင်သည်ကို မမှတ်မိပါ။ သို့သော် ထိုကျောင်းတွင် ဆရာဒီးဒုတ် ဦးဘချိုငယ်စဉ်က ပညာသင်ယူခဲ့ဖူးသည်ဟု ကျွန်တော် မှတ်သားမိသည်။ မှန်မမှန် အတပ် မပြောနိုင်ပါ။ ကျွန်တော့်အမှတ်အသား မှားလျှင် ပြင်ယူကြပါ။

မြောင်းမြမြို့ အစိုးရ အင်္ဂလိပ်မြန်မာ အလယ်တန်းကျောင်းကို

ယခုအထက်တန်းကျောင်း တည်ရာနေရာတွင် ဖွင့်လှစ်ခဲ့ပါသည်။ မြောင်းမြ မြို့ တိုင်းရင်းသားအထက်တန်းကျောင်း တည်ထောင်ပြီးနောက် နှစ် အနည်း ငယ်ကြာသော အခါ အဆိုပါ အလယ်တန်းကျောင်းကို တိုးချဲ့ရန် အထက် တန်းကျောင်းကို တည်ထောင်ခဲ့သည်။

♥♥♥

ငယ်ဆရာများ

ယခု ကျွန်တော် ဆက်လက်ရေး သားမည့် အကြောင်းခြင်းရာများ မှာ ၁၉၈၇ ခုနှစ် ၌ မြောင်းမြမြို့ နယ်အသင်းမှ ထုတ်ဝေသော 'မြဝန်းဧရာ' မဂ္ဂဇင်းတွင် ရေး သားခဲ့သည့် 'ကျွန်တော် ၏ ငယ်ဆရာများ ' ဆောင်းပါးကို ကိုးကားပြီးလျှင် အကျဉ်းချုံး သင့်သည်တို့ကို အကျဉ်းချုံး ၍ ဖြည့်စွက်သင့် သည်တို့ကို ဖြည့်စွက်ကာ အသစ်တစ်ဖန် ပြုပြင်ရေး သားလိုက်သော အကြောင်းအရာများ ဖြစ်ပါသည်။

ကျွန်တော် သည် ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် မြောင်းမြမြို့ အစိုးရ အလယ်တန်းကျောင်း၌ စတင်ပညာသင်ယူခဲ့ပါသည်။ မြောင်းမြမြို့ မှ ရွှေ့ ပြောင်း၍ ရန်ကုန်မြို့ မြို့ မတိုင်းရင်းသား အထက်တန်းကျောင်း၌ ပညာသင် သော အခါ အထက်၌ ဆိုခဲ့သည့်အတိုင်း ထိုအလယ်တန်းကျောင်းသည် အထက်တန်းကျောင်းဟု ပြောင်းလဲခဲ့ပါသည်။ ယခုအခါ ထိုကျောင်းသည် မြောင်းမြမြို့ အ-ထ-က(၁)ဟု တွင် ပါသည်။

♥♥♥

ကျွန်တော် သည် မြောင်းမြမြို့ အလယ်တန်းကျောင်းသို့ ဝင်ခွင့်ရ

သာအခါ လပွတ္တာမြို့ မြန်မာစာသင်ကျောင်း၌ စတုတ္ထတန်းအထိ သင်ကြား ခဲ့ပြီးသော သူ ဖြစ်သည့်အလျောက် ယခုအင်္ဂလိပ်ကျောင်း၌ တတိယတန်းမှစ ၍

ပညာသင်ကြားခွင့်ရသည်။ သာမန်အားဖြင့် မြန်မာစာသင်ကျောင်း၌ စတုတ္ထတန်းအထိ နေခဲ့ဖူးသူပင် ဖြစ်စေကာမူ အင်္ဂလိပ်လို အေဘီစီဒီကိုမျှ မသင်ဖူးသေးလျှင် ပထမတန်းမှစ၍ ပညာသင်ယူရပါသည်။ အေဘီစီဒီ သင်ဖူး လျှင်ကား ဒုတိယတန်းမှစ၍ ပညာသင်ယူနိုင်ပါသည်။

ကျွန်တော် ကား တောကျောင်းမှာ ပင် ပညာသင်ခဲ့ရသော် ငြား လည်း ကျွန်တော် ၏ ငယ်ဆရာ ဦးဘိုးထွန်း၏ ကျေးဇူးကြောင့် မန်နီအော်ဒါ ငွေလွှဲစာကိုပင် ရေး တတ်ဖတ်တတ်သည့်အလျောက် ကျွန်တော့် စိတ်ထဲတွင် ဧရာမအတန်းကြီးဟု ထင်ခဲ့သော တတိယတန်းမှစတင်၍ ပညာသင်ယူခွင့် ရပါသည်။ ထိုတတိယတန်း၌ ကျောင်းသားဦးရေများ သဖြင့် 'အေ' အတန်း၊ 'ဘီ'အတန်းဟု နှစ် တန်းခွဲ၍ သင်ပေးရာ ကျွန်တော် သည် အတန်းပိုင်ဆရာ ဖြစ်သူ ဆရာဦးကံကြီး၏ 'ဘီ'အတန်းတွင် နေရာချထားပေးခြင်းကို ခံရပါ သည်။

♥ ♥ ♥

အလွန်ရိုက်

ကျွန်တော် သည် အင်္ဂလိပ်စာကို စနစ်တကျသင်ယူခဲ့ဖူးသူ မဟုတ် သဖြင့် စာလိုက်နိုင်ပါ့မလားဟု စိုးရိမ်မိပါသည်။ သို့သော် ဆရာဦးကံကြီး သည် အသင်အပြ အလွန်ကောင်းပါသည်။ ရိုက်လည်းအလွန်ရိုက်ပါသည်။ ဆရာ့စားပွဲပေါ်တွင် တစ်လံမျှရှည်သော ထားဝယ်ကြိမ်တစ်ချောင်း၊ တစ်လံ ကျော်သော ကုန်းကြိမ်တစ်ချောင်း၊ နှစ် လံကျော်သော ဘာကြိမ်မှန်းမသိရ သည့် ကြိမ်လုံးခေါင်းကြီးတစ်ချောင်း အမြဲရှိပါသည်။

ဆရာဦးကံကြီး၏ ကျေးဇူးသည် ကျွန်တော် တို့ အပေါ် အလွန် ကြီးမားဘိသကဲ့သို့ သူရိုက်နေကျ ကြိမ်လုံးများ ၏ ကျေးဇူးသည်လည်း အလွန်ကြီးမားပါသည်။ ဆရာသည် စာမတတ်သော ကျောင်းသားတို့ကို

ကြိမ်လုံးခေါင်းကြီးနှင့် လှမ်း၍ လှမ်း၍ တရွှမ်းရွှမ်းမြည် အောင် ရိုက်ပါသည်။ စာတော် သော ကျောင်းသားတို့ကိုလည်း ထိုနည်းတူရိုက်ပါသည်။ ကျွန်တော့် စိတ်ထဲမှာ ပို၍ ရိုက်သည်ဟုပင် ထင်ပါသည်။ စာတော် သည်ဟု ထင်လျှင် ဆရာက အနည်းငယ်မျှ အမှား မခံပါ။ 'မှားရဦးမလား' ဟုမေး၍ ကျောကော့အောင် ရိုက်တတ်သည်။

ဆရာသည် ငယ်စဉ်က ကရစ်ကက်ကစား ဝါသနာပါသည်။ ကရစ်ကက်ဘောလုံးကိုဖမ်းရာ လက်မကိုထိသဖြင့် သူ့လက်မကို ခွဲစိတ် ကုသသော အခါ လက်မတို သွားပါသည်။ ထိုလက်မတိုကို လက်ညှိုး နှင့် ညှပ်၍ ကြိမ်လုံးကိုကိုင်ပြီးလျှင် ကြိမ်စကြာဖြန့်သည်မှာ ကျောင်းသားတို့၏ ရင်ထဲတွင် တစ်သက်လုံးစွဲပါသည်။

♥ ♥ ♥

နားရွက်ဆွဲလိမ်

သို့သော် ဤအချက်မှာ သာမည ဖြစ်သည်။ ဆရာသည် တစ်ခါ တစ်ရံ နားရွက်ကိုဆွဲပြီးလိမ်တတ်သည်။ မိုးကုတ်မြို့ မှ ပြောင်းလာသော ကျောင်းသား သာဦး၏ နားရွက်ကို လက်မတိုကလေးဖြင့် လိမ်၍ ဆွဲလိုက်ရာ နားရွက်စုတ်၍ သွေးထွက်ပါသည်။ ဆရာသည် နားရွက်ကို လက်ကိုင်ပုဝါ နှင့် စည်းနှောင်ပြီးလျှင် စာတစ်စောင်ကို အလျှင်အမြန်ရေး ၍ သာဦးကို ဆေးရုံ သို့ပို့ပါသည်။ ကျောင်းနှင့် ဆေးရုံမှာ လမ်းကြားကလေးတစ်ခုသာခြား သည်။ အတန်ကြာသော အခါ သာဦးသည် နားရွက်တွင် ပတ်တီးစည်းပြီး ကျောင်းခန်းထဲသို့ ဝင်လာပါသည်။

သူ့မျက်နှာက ပြုံး ဖြဲဖြဲနှင့် ၊ သူစိတ်မဆိုးပါ။ ဆရာကလည်း သူ့ အပေါ် အလွန်ကရုဏာပွားပါသည်။ သို့သော် ဆရာဦးကံကြီးက 'သာဦး၊ စာရအောင်ကျက်၊ စာမကျက်ရင် နောက်ထပ်နားရွက်စုတ်သွားမယ်'ဟု သတိပေးပါသည်။

♥ ♥ ♥

အားကစား

ဆရာသည် ဘယ်ကျောင်းကဘာအောင်ခဲ့သည်ကို ကျွန်တော် မသိပါ။ သူ၏ အင်္ဂလိပ်လိုအသံထွက်နှင့် စာပြတော် ပုံကို ထောက်ရှုကြည့် လျှင် ထိုခေတ်ကနာမည် ကျော်ကြားသော သာသနာပြုကျောင်း တစ်ကျောင်း ကျောင်းမှ ထွက်ခဲ့သည်ဟု ကျွန်တော် ယူဆပါသည်။ ဆရာသည် ကရစ် ကက် ကစားခြင်းနှင့် ဘေ့(စ်)ဘောလ်(ရှမ် ၄)ကစားခြင်းတို့၌ နှစ်သက် ၍ ကျွန်တော် တို့အား ယင်းအားကစားနည်းများ ကို သင်ကြားလေ့ကျင့်ပေး ပါသည်။

သူက ကျွန်တော် တို့ကျောင်းအတွက် ကရစ်ကက်အသင်း တည် ထောင်ပေးရန် ကြံရွယ်သည်ဟု ဆိုပါသည်။ သို့သော် ကျောင်းသားသပိတ် ပေါ်ပေါက်လာ၍ တိုင်းရင်းသားကျောင်းကို တည်ထောင်ကြသော အခါ ဆရာနှင့် ကျွန်တော် တို့ကွဲကွာ၍ ကရစ်ကက်အသင်းလည်း တိမ်မြုပ် သွားပါ သည်။

ဆရာသည် ကျွန်တော် တက္ကသိုလ်ရောက်စဥ္ အငြိမ်းစားယူပါ သည်။ ထို့နောက် ဆရာနှင့် ကျွန်တော် အဆက်ပြတ်ခဲ့ပါသည်။ ကျွန်တော် ကျောင်းနေစက လပွတ္တာမှရန်ကုန်သို့သွားလိုလျှင် မြောင်းမြမှတစ်ဆင့် အမြန်သင်္ဘောဖြင့် သွားရပါသည်။ ဤကဲ့သို့ သွားရသော အခါတိုင်း ကျွန်တော် သည် ဆေးရုံကြီးမျက်နှာစာနှင့် မျက်စောင်းထိုး၌ ရှိသော ဆရာ့အိမ် သို့သွား၍ ကန်တော့လေ့ရှိပါသည်။ ဆရာက ကျွန်တော် ကန်တော့လျှင် ပြုံး ပြုံး ပြုံး ပြုံး နှင့် ကျွန်တော် စာသင်ရပုံကို မေးမြန်းပြီးလျှင် ဆုပေးလေ့ရှိပါ သည်။

နောက်ဆုံးအကြိမ်၌ ဆရာ၏ ကျန်းမာရေး မှာ များ စွာ ကောင်းဟန် မတူပါ။ အိမ်ဦးခန်းတွင် ထိုင်နေသော ဆရာ့ကို ကျွန်တော် က ဦးချသော အခါ သူ၏ ပြုံး သော မျက်စိမျက်နှာမှာ မျက်ရည်ဥများ ကျနေသလားဟု ထင်မှတ် မိသည်။ နောက်သော အခါ လပွတ္တာနှင့် ရန်ကုန် တိုက်ရိုက်သင်္ဘောခုတ်မောင်း ပြီ ဖြစ်၍ မြောင်းမြသို့မဝင်ရသော

ကြောင့် ဆရာနှင့် မတွေ့ရတော့ပါ။ နှစ် အနည်းငယ်ကြာသော် ဆရာကွယ်လွန်ပါသည်။

♥ ♥ ♥

ဘာသာစုံဆရာ

ဆရာဦးကံကြီးသည် ဘာသာစုံသင်ပေးပါသည်။ ထိုစဉ်က ပုံဆွဲ ပညာကိုလည်း တစ်ကျောင်းလုံးအတွက် ဆရာတစ်ဦးက သတ်သတ်သင် ပေးသည်။ ထိုဆရာသည် အခြားပုဂ္ဂိုလ်မဟုတ် ကျွန်တော် နှင့် အလွန်ချစ်ခင် ရင်းနှီးသော ကိုဘသော င်းတင်၏ ဖခင် ဖြစ်ပါသည်။ ကိုဘသော င်းတင် သည် ဂန္ထလောကမဂ္ဂဇင်းတွင် ဣန္ဒနီအမည် ဖြင့် မြန်မာစာအရေးအသားတို့ ကို ဝေဖန်သူ ဖြစ်သည်။

ကျွန်တော် မြို့ အုပ် ဖြစ်ပြီးမကြာမီ သူကတရားမမြို့ အုပ် ဖြစ်လာ သည်။ ထိုရာထူးမှ စက်ရှင်မင်းကြီးရာထူးအထိ တိုးတက်ခဲ့ရာ လွန်ခဲ့သော နှစ် ပေါင်းများ စွာ က မန္တလေးမြို့ မှာ ကွယ်လွန်ခဲ့ပါသည်။ ကျွန်တော့် ၏ ငယ် ဆရာဟူ၍ အစိုးရအလယ်တန်းကျောင်းတွင် ဆရာဦးကံကြီးသာ ဖြစ်ပါ သည်။ ဤသို့ဆိုခြင်းကြောင့် အခြားသော ဆရာများ ကို ကျွန်တော် က ဆရာ ဟုမမှတ်ပါသလောဟု မေးဖွယ်ရှိသည်။

စင်စစ် ကျွန်တော် တို့ကျောင်းသားခေတ်က ကျောင်းသားတို့ သည် မိမိတို့၏ အတန်းပိုင်ဆရာကိုသာ ငါ့ဆရာဟု သဘောမထားကြပါ။ ဆရာကြီးမှစ၍ တစ်ကျောင်းလုံးရှိ အခြားဆရာများ ကိုလည်း ငါတို့ဆရာဟု အမှတ်သညာပြုကြပါသည်။ အဘယ်ကြောင့် ဆိုသော် မည် သည့်ဆရာမ ဆို မိမိကျောင်းတွင် စာသင်နေကြသော မည် သည့်အတန်းကတပည့်မဆို ကျောင်းစာသင်ခန်းပြင်ပတွင် မတော် တာကိုတွေ့လျှင် ဆိုဆုံးမလေ့ရှိခြင်း ကြောင့် ဖြစ်သည်။

♥ ♥ ♥

မွတ်ဆလင်ဆရာ

မှတ်မိသမျှကို ပြောရလျှင် မြန်မာ မွတ်ဆလင်ဆရာ ဗာရကတ် သည် ဆဋ္ဌမတန်းပိုင်ဆရာ ဖြစ်သော် လည်း ကျွန်တော် တို့ကို သူ့တပည့်များ ဟု အသိအမှတ်ပြု၍ ဆိုဆုံးမလေ့ရှိပါသည်။ ဆရာဗာရကတ်သည် အစိုးရ အလယ်တန်းကျောင်းနှင့် မျက်နှာချင်းဆိုင် နောင်အခါတွင် စာရေး ကုန်းလမ်း ဟုခေါ်သော ဗွက်ကြီးတန်းလမ်းတွင် နေထိုင်ပါသည်။ ထိုလမ်းတွင် ကျွန်တော် ၏ အဘိုး ဦးစောတင်နေထိုင်သည်။

အစိုးရ အလယ်တန်းကျောင်းတွင် စာသင်ခဲ့သော ပထမနှစ် ၌ ကျွန်တော် သည် မြောင်းမြမြို့ မြောက်ပိုင်း ၄ လမ်းရှိ ကျွန်တော် ၏ ဦးလေး ဖြစ် သူ ဦးဘိုးဟန်အိမ်တွင် နေထိုင်ခဲ့ပါသည်။ နောက်တစ်နှစ် တွင် ကျွန်တော် ၏ အဘိုး ဖြစ်သူ ဦးစောတင်၏ နေအိမ်၌ နေထိုင်ခဲ့ပါသည်။ ထိုအခါ ကျွန်တော် သည် မြောင်းမြမြို့ တိုင်းရင်းသား အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ဖြစ်သော် လည်း အစိုးရအလယ်တန်းကျောင်းဆရာ ဗာရကတ်အိမ်နှင့် နီးစပ် လာပါသည်။ သို့ရာတွင် ဆရာဗာရကတ်ကို ဆရာဟောင်းတစ်ဦးအဖြစ်ဖြင့် ရိုသေလေးစားပါသည်။

ဤအကြောင်းကို ကျွန်တော် ယခုရေး ပြသည်မှာ ရှေးခေတ်က တပည့်တို့သည် ဆရာ့ကို နေရာမရွေး ရိုသေရမှန်း သိတတ်ပုံကို နှောင်းလူတို့ နားလည်စေလို၍ ဖြစ်ပါသည်။ ဆရာဗာရကတ်၏ မျက်နှာမှာ တင်းမာသည် မဟုတ်ပါ။ ကြည်နူးရရ မျက်နှာထား ဖြစ်ပါသည်။ သို့သော် ကျွန်တော် နှင့် တကွ ကျွန်တော့် ညီများ ၊ သူငယ်ချင်းများ သည် သူ့ကိုမြင်လျှင် အလိုလိုငြိမ် သွားကြသည်။ မိမိတို့၏ အတန်းပိုင် မဟုတ်သော် လည်း ဆရာဟူသော ပုဂ္ဂိုလ်မှန်သမျှ တပည့်တို့က ချစ်ကြောက်ရိုသေ လေးစားသော သဘော ဖြစ်ပါသည်။

စင်စစ် ဆရာဗာရကတ်က အစိုးရကျောင်းဆရာ ဖြစ်၍ ကျွန်တော် က(နေရှင်နယ်)တိုင်းရင်းသားကျောင်းမှ ကျောင်းသား ဖြစ်ခြင်းကြောင့် သူနှင့် ကျွန်တော် ဘာမျှမဆိုင်ပါ။ သို့ရာတွင် မိမိနေခဲ့ဖူးသော ကျောင်းမှဆရာ တစ်ဦးကို ကျွန်တော် သည်

ဆရာဟူသော အသိအမှတ်ဖြင့် ရှိသေပါသည်။

♥♥♥

ရှေးရိုးမြန်မာ

အစိုးရ အလယ်တန်းကျောင်းဆရာကြီးသည် အသားလတ်လတ်၊ အနေတော် ဝဝဖိုင့်ဖိုင့်၊ နှုတ်ခမ်းမွှေးရေး ရေး နှင့် အလွန် ဥပမိရုပ်ကောင်းသော သူ ဖြစ်သည်။ သူ့အမည်မှာ ဦးမောင်မောင် ဖြစ်သည်။ သူ့ကိုလည်း မြန်မာ မွတ်စလင်ဟု ပြောကြပါသည်။ တပ်အပ်သေချာ မသိပါ။ သို့သော် ဝတ်စား ဆင်ယင်ပုံမှာ ရှေးရိုးမြန်မာအတိုင်း ဖြစ်ပါသည်။ သူသည် စကားပြောလျှင် ညင်ညင်သာသာ ပြောသူ ဖြစ်သည်။ သူ့ကိုလည်း ကျောင်းသားအများ က ရိုသေလေးစားသည်။ ကျွန်တော် ကား ဆရာကိုအလွန်ကြောက်တတ်သူ ဖြစ်ရာ နှုတ်ဖြေစာမေးပွဲတွင် ဆရာကြီးဦးမောင်မောင်က 'မင်းဘယ်အတန်း မှာ နေသလဲ'ဟု အင်္ဂလိပ်လိုမေးသော အခါ ကျွန်တော့် ပါးစပ်ထဲ အာစေး ထည့်ထားသကဲ့သို့ ဖြစ်၍ ကြောက်ဒူးတုန်ပြီးလျှင် ဘယ်လိုမှအသံမထွက် တော့ပါ။

ဤအကြောင်းကို သိသော အခါ ဆရာဦးကံကြီးက ကျွန်တော့်ကို မချိုက်တော့မှာ ပဲဟုထင်၍ ပိုပြီးကြောက်ဒူးတုန်လာပါသည်။ သို့သော် ဆရာကံကြီး ကလေးစိတ်ကို သိရှိနားလည်ပါသည်။ သူကမကြောက် တရားဟော၍ ကျွန်တော့် အား နှစ်သိမ့်တရားဟောကြား၍ ကျွန်တော့်ကို အားပေးပါသည်။

စတုတ္ထတန်းကို ဆရာဦးပြော့ကြီးက သင်ပြပါသည်။ သူကား နာမည်သာပျော့သော်လည်း တပည့်တို့ကို စာသင်ရာ၌ အလွန်မာသူ ဖြစ်ရာ သူ၏ စတုတ္ထတန်းနှင့် အတန်ငယ်နီးစပ်သော ကျွန်တော် တို့မှာ သူ့ကိုလည်း အလွန်ကြောက်ပါသည်။ ပဥ္စမတန်းကို ဆရာဦးကြာဒိုးက သင်ပြပါသည်။

ရာဦးကြာဒိုးကို ကျွန်တော် တို့အများ စုက ဆရာကြာဒိုးဟုပင် ခေါ်ပါ သည်။

မရှိသေ၍ မဟုတ်၊ လေးစားစွာ ခေါ်ကြခြင်း ဖြစ်သည်။

♥ ♥ ♥

နာမည် ကြီးခဲ့သူ

ဆရာများ အကြောင်းကို ပြောရင်းနှင့် ထိုစဉ်ကပင် နာမည် ကြီးခဲ့ သော ကျောင်းသားနှစ် ယောက် အကြောင်းကို ပြောပါရစေ။ တစ်ယောက် မှာ ယခုအခါ အငြိမ်းစား အင်္ဂလိပ်စာပါမောက္ခဟုတွင် သော ဦးမျိုး မင်း ဖြစ်သည်။ တစ်ဦးကား သစ်တောမင်းကြီးအဖြစ်ဖြင့် ကွယ်လွန်ခဲ့သော ဦးစံ ဖြစ်သည်။ သူတို့နှစ် ဦး စတုတ္ထတန်းမှာ စာသင်ကြသည်ဟု မှတ်မိပါသည်။ မောင်စံ သည် သျှောင်ပေစူးကလေးနှင့် ကျောင်းတက်သည်ကို သတိရပါသည်။ မောင်မျိုး မင်းလည်း ထိုနည်းလည်းကောင်းဟု ထင်ပါသည်။ ကောင်းကောင်းမမှတ်မိပါ။ အသက်ငယ်ငယ်နှင့် ဧရာမစတုတ္ထတန်းသို့ ရောက်နေ ကြသော ကျောင်းသားနှစ် ဦးကို ဆရာတို့က အလွန်ဂုဏ်ယူ၍ ပြောဆိုကြပါ သည်။ ကျွန်တော် ကား သူတို့နှင့် အတန်းချင်းမတူ၍ ထိုစဉ်က သူငယ်ချင်း မ ဖြစ်ခဲ့ပါ။ တက္ကသိုလ်ရောက်သော အခါမှာ မှ မိတ်ဆွေ ဖြစ်လာကြပါသည်။

♥ ♥ ♥

ကျောင်းနေဘက်များ

ယခု ဤအကြောင်းကိုရေး နေစဉ် ကျွန်တော် ၏ ကျောင်းနေဘက် များ ကို သတိရပါသည်။ လော်ရီအမည် ရှိ ကရင်အမျိုး သားကလေးကို အထူး သတိရပါသည်။ ကျွန်တော် တို့ ကျောင်းသားအချင်းချင်း သူက ကရင် ငါက မြန်မာစသည်ဖြင့် ခွဲခြားသော စိတ် မရှိကြပါ။ တိုင်းရင်းသားများ အပြင် တရုတ်အနွယ် အိန္ဒိယအနွယ် ကျောင်းသားများ လည်း

ရှိကြပါ၏ ။

ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာ သာ စသည်ဖြင့် ဘာသာအမျိုး မျိုး ကို ကိုးကွယ်သော ကျောင်းသားအမျိုး မျိုး ရှိ ပါသည်။ ကျွန်တော် တို့ အရွယ် ကျောင်းသားလူငယ်များ တွင် လူမျိုး ရေး ဘာသာရေး ကို အကြောင်းပြု၍ ကွဲပြားခြားနားသော စိတ်မရှိပါဟု ယေဘု ယျ ဆိုနိုင်ပါသည်။ သို့ရာတွင် သူငယ်ချင်းလော်ရီကမူ ဝါဆိုပွဲတော်၊ သီတင်းကျွတ်ပွဲတော် စသော မြန်မာ့ရိုးရာပွဲတော် များ နှင့် စပ်ဆိုင်၍ ကျွန်တော် တို့လူငယ်များ အချင်းချင်း ပြောကြဆိုကြသည့်အခါ၌ သော် လည်းကောင်း၊ ထိုပွဲလမ်းသဘင်များ သို့ သူငယ်ချင်းချင်း အတူတကွ သွားရောက်ဆင်နွှဲရန် အဖော်ညှိသည့်အခါ၌ သော် လည်းကောင်း သူက ခါးခါးသီးသီး ငြင်းဆန် လေ့ရှိပါသည်။

သို့ရာတွင် ကျွန်တော် တို့အားလုံး အတူတကွပျော်ပျော်ရွှင်ရွှင် စာ သင်ကြပါသည်။ ကျွန်တော် သည် ဤကျောင်းတွင် ပညာများ ကုန်ဆုံးသည် အထိ သင်ယူရလိမ့်မည် ဟု မျှော်လင့်ခဲ့ပါသည်။ သို့ရာတွင် ဒီဇင်ဘာလ တစ်ခုသော နေ့ရက်သို့ ရောက်သော အခါ ကျွန်တော် တို့ ကျောင်းသားများ သည် လှုပ်လှုပ်ရွရွနှင့် ကျောင်းကို သပိတ်မှော က်ခဲ့ကြပါသည်။

မိုးဂျာနယ်

အတွဲ -၁၊ အမှတ်-၉၊ အောက်တိုဘာ ၉

♥ ♥ ♥